# သခင့်စကား

ဝိညာဉ်ရေးဂျာနယ်

ငြိမ်သက်စွာနေသော ငြိမ်းမတို့ ထကြ၊ ငါပြောသံကို ကြားကြလော့။
သတိမရှိသော သတို့သမီးတို့
ငါ့စကားကို နားထောင်ကြလော့။ ဟေရှာယ ၃၂း၉


အမှတ်စဉ် (၆၇) | မတ်လ | ၂၀၀၇ ခုနှစ် | စမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )


## အကြွေး

"အချင်းချင်း ချစ်ခြင်းမေတ္တာ မှတပါး
အဘယ်အကြွေးမျှ မတင်စေနှင့် "တဲ့ ။
ငါ့မှာတော့ ချစ်ခြင်းမေတ္တာအကြွေး
တင်စရာ နေရာတောင် မရှိတော့ပါဘူး ။
'ညီလေး ဟိုတခါ ဆွဲသွားတဲ့ ဟာလေးနော်' တဲ့
'ဟုတ်ကဲ့ အစ်ကို ပြန်ပေးပါ့မယ် ခနလောက်စောင့်နော်'
'ဟဲ့ကောင် ဘယ်တော့ ပြန်ပေးမှာတုံး'
'ဟုတ်ကဲ့ အန်တီ တစ်ပတ်လောက် စောင့်ပါအုံး'
'ငါ့မောင်ရယ် မင်း မေ့နေမှာစိုးလို့'
'ဟုတ်ကဲ့ အစ်မ အဆင် မပြေသေးလို့'
'ဦးဦး တားတား ပိုက်ချန် ပြန်ပေးပါ'
'အတိုးပေးပါ့မယ် တူလေးရာ နှစ်ရက်လောက်တော့ စောင့်အုံးကွာ'
'ဘယ်လိုလဲကွ မောင်ရင်ရ'
'ဟုတ်ကဲ့ အဘ သည်းခံပါ ခင်ဗျာ့'
'အစ်ကိုကြီး ချေးထားတဲ့ မုန့်ဖိုးတွေပြန်ပေး'
'အေးပါ ညီမလေး တစ်ရက်လောက်တော့ အချိန်ပေး'
ငါ့နှယ်နော် တင်လိုက်တဲ့ အကြွေး
လူတကာ ပတ်ပြေးလဲ မလွတ်တယ်
ရှုံ့လူးထားတဲ့ ဝက် ၊ ဗွက်အိုင် မကြောက်တော့ပါဘူး
လည်ပင်းထိ ရောက်နေတဲ့ အကြွေး
ပူနေတဲ့ မျက်နှာဖုံးအောင်
ကိုယ်တော်ပြောတဲ့ ချစ်ခြင်းမေတ္တာ အကြွေးတွေကို
ခေါင်းမြုပ်တဲ့အထိသာ တင်ပစ်လိုက်ကြပါတော့။

( မင်းထွန်းသက်လွင် )

------------------------

## ချစ်မိဘသို့ပန်ကြားလွှာ



ပိတုမာတာ တင်စားစာက
ပလုံးတောင်းစုတ် ပစ်ရိုးဟုတ်လည်း
ဆိုးသွမ်းရင်သွေး ပစ်ဖို့ဝေး၏။
သားကြီး ဩရသ ချစ်ခါ မဝ၍
ပျောက်ကွယ်မခံ မျက်အောက်လွှာမှ
ငုံထားမတတ် ပြောစမှတ်ရ။
ခရစ်ရှင်၌ စိတ်လူသစ်ဖြင့်
ထပ်ခါစုပုံ ကောင်းခြင်းစုံမှ
အမွေပြတ်ကြေငြာ ဖန်လာပြန်ရဲ့။
ထိပ်မှာပန်ဆင် အမိ ဘခင်အား
မရှိစိတ်ကွက် ကြည်ညိုချစ်လျက်
ကိုယ်စားဆုပန် မြတ်ဘုရားထံ။
ဒဏ္ဍာရီစကား ယုံမှတ်မှား၍
ဘုရားစင်စစ် ယေရှုခရစ်ကို
အတ္တအစွဲပြု လျစ်လျူ မရှုနှင့်။
အသက်စွန့်ပူဇော် မြတ်ရှင်တော်၏
ပြောနေ သွေးစကား အလေးထား၍
တဒင်္ဂဖြစ်စေ နာယူကြည့်လေ 'ဖေ' နှင့် 'အမေ'
ထူးခြားသက်သေ ရမည်မသွေ ။ ။ **Samuel Soe Lwin**

( အခြေပြုကျမ်း ဟေရှာယ ၄၉း၁၅၊ ၂ကော ၅း၁၇၊ ၁တိ ၂း၄၊ ယော ၃း၁၆ )

## ကိုယ်တော့်မေတ္တာ

ငါလိုလူသား မိုက်သော်ငြားလဲ
နွေးထွေး မေတ္တာအစဉ်ပြခဲ့
လမ်းမှန်ရောက်အောင် လက်တွဲပို့ဆောင်
စိတ်ရှည်သည်းခံ ငါလိုလူတွက်
ကိုယ်တော် မေတ္တာသိရှိချိန်မှာ
"ဘာကြောင့်လဲ ကိုယ်တော်
ငါ့ကို ဘာ့ကြောင့် ဒီလောက်တောင် ချစ်ရတာလဲ"
ငါ၏မေးခွန်း အဖြေပေးခဲ့ နှမြောလွန်းသော ငါ့ဝိညာဉ်တွက်နှင့်
ကောင်းကြီးပေးချင်လို့တဲ့ ...
ငါ့ရဲ့ ဘဝ ရှေ့ဆက်နိုင်တာဟာ
ကိုယ်တော့်မေတ္တာ သက်သက်ကြောင့်ပါ ။



( နေကြိုးနွှင်း )

------------------------

## အဖြူရောင်အချစ်

ချစ်သူရဲ့ အရိပ်ထက် မိဘရဲ့ အရိပ်အောက်က ပိုနွေးထွေးစေပြီး
မိဘရဲ့ အရိပ်ထက် ဘုရားသခင်ရဲ့ အရိပ်က ပိုနွေးထွေး အေးမြစေပါတယ် ၊
လူသားတွေရဲ့ အချစ်က ရေဆန်ကို ဆန်တက်ရင် တက်မယ် ၊
ဘုရားသခင်ရဲ့ အချစ်ကတော့ အမြဲတမ်း ရေစုန်လေးပါဘဲ ၊
သီချင်းတစ်ပုဒ် ကြားဖူးကြမှာပါ
'နာမည်ပျက်နဲ့ နောင်ဆယ်သက် ချစ်နေမယ်' တဲ့
ထာဝရ ဘုရားသခင် ကတော့ ...
ဆယ်သက် မက နောင်သံသရာ ဘဝဆက်တိုင်းမှာ
ထာဝရ ထာဝရ ချစ်မြဲ ချစ်ဆဲ ချစ်လျှက်ပါဘဲ ။ ။

(ရှီ . စ်ဓမရီ – နယ်လီဇော် )

------------------------

## ကျွန်ုပ်သိသော ယေရှုခရစ်တော် (Samuel Soe Lwin)

ငါ၌ ထာဝရဘုရား ပြုတော်မူသော ကျေးဇူးအလုံးစုံတို့ကို အဘယ်သို့ ဆပ်ရမည်နည်း။ ( ဆာလံ ၁၁၆း၁၂ )

***နိဒါန်း***

အသက်ရှင်တော်မူသော ဘုရားအား အသက်သခင် ကယ်တင်ရှင်အဖြစ် လက်ခံကိုးကွယ်ရခြင်းအခွင့်သည် လောက၌ အမွန်မြတ်လှဆုံးသော ရတနာ တို့ထက်ပင် သာ၍ မွန်မြတ်လှပါတယ်။ ထိုအရှင်ကို ချဉ်းကပ်ကိုးကွယ် ခိုလှုံရသူတို့အဖို့ ထိုအရှင်သည် ရွှေဆိုလည်း မမှား၊ ငွေဆိုလည်း မလွဲနိုင်။ ကျန်းမာရေး၊ လူမှုရေးမှအစ၊ အောင်မြင်ပျော်ရွှင်မှုတို့၏ အရင်းအမြစ်ဆိုပါကလည်း မခြားနားပါလေ။ အကြောင်းမူကား ထိုအသက်ရှင် တော်မူသော ဘုရားသည် **အံ့ဩဘွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသော ဘုရား သခင်၊ ထာဝရ အဘ၊ ငြိမ်သက်ခြင်းအရှင်** (ဟေရှာယ ၉း၆) စသော ဂုဏ်ထူး ဝိသေသတို့ကို နှုတ်ကပါတ်တော်မြတ်၌ ဖော်ပြရုံမက လက်တွေ့ ခိုလှုံသူတိုင်း အား ချမ်းသာခြင်းကောင်းကျိုးကို အစဉ်ပေးတော်မူသောကြောင့်ပင်။ ( ဆာလံ ၃၄း၈)

ဘုရားရှင်၏ကောင်းမြတ်ခြင်းများကို စဉ်းစားဆင်ခြင်မိတိုင်း ကိုယ့်ကိုယ် ကို အားမလိုအားမရဖြစ်မိပါရဲ့လား။ အဂ္ဂါပေ မေတ္တာဖြင့် ကျွန်ုပ်တို့ကို ချစ်တော်မူသော ထိုအရှင်အား ကျွန်ုပ်တတ်စွမ်းသမျှ ထိုအရှင်ပေးတဲ့ အစွမ်းသတ္တိအားဖြင့် ကျေးဇူးတုန့်ပြန်ချင်ပါတယ်။ နို့နှစ်လုံးဘိုး ဖြစ်တဲ့ မိဘကျေးဇူးကိုပင် မဆပ်နိုင်တဲ့ ကျွန်ုပ်အဖို့ တွေးမိတိုင်း မိမိရဲ့ ဘဝကိုမိမိ အားမလို

အားမရ ဖြစ်မိတာ ဘုရားရှင် သိမှတ်တော်မူပါ တယ်။ ဆာလံ ၁၀၇း၉ ၊ သုတ္တံ ၁၀း၂၄)

ကျေးဇူးချီးမွမ်းခြင်းယဇ်ကို ပူဇော်သောသူသည် ငါ၏ ဘုန်းကို ထင်ရှားစေသော သူဖြစ်၏။ ဆာလံ ၅၀း၂၃ ဆိုတဲ့ နှုတ်တော်ထွက် စကားအရ စာတွေ့ကို မဆို လက်တွေ့မျက်မြင် ထိုဘုရားမြတ်၏ ပြုတော်မူသော ကရုဏာတို့ကို ရေးသား ဖော်ပြလိုပါတယ်။

## ၁) ယေရှုခရစ် သည် မိတ်ဆွေစစ် ဖြစ်၏။ ယော ၁၅း၁၅၊ ယာ ၂း၂၃

ယေရှုခရစ်တော်ဘုရားကို မိတ်ဆွေကောင်း မိတ်ဆွေစစ်လို့ပြောရတာ အကြောင်းရှိပါတယ်။ ဟိုး ယခင်ကတော့ ယေရှုခရစ်တော်ဆိုတာ ကျွန်ုပ် သိကျွမ်းတဲ့ ပုဂ္ဂိုလ်ထဲမှာ မပါခဲ့ပါဘူး။ ဒါပေမဲ့ ဓမ္မမိတ်ဆွေတွေရဲ့ မိတ်ဆက် ပေးမှုကြောင့် စတင် သိခွင့်ရခဲ့ပါတယ်။ အဲဒီတုန်းကတော့ ဘုရား အနေနဲ့ ပါဘဲ။ နောက်တော့ ခရစ်တော်က ကျွန်ုပ်တို့ကို မိတ်ဆွေအဖြစ်နဲ့လဲ မခြားနား သွားလေရာ ဘဝ ခရီးတွေမှာ အတူမခွဲ ဆိုးတူကောင်းဖက် ဖေးမတော်မူ ပါတယ်။ ( မ ၁း၂၃၊ ၁၈း၁၈–၁၉။ ၂၈း၂၀) ပုဂ္ဂိုလ် ( လူအချင်း) ချင်းပေါင်း ကြည့်မှသိ ဆိုတဲ့ မြန်မာ ဆိုရိုးစကားအတိုင်း တစ်နေ့ထက် တစ်နေ့ ကြာလာသောအခါ ယေရှု ခရစ်တော် ဘုရားဟာ ကျွန်ုပ်ဘဝ တစ်ခုလုံး အတွက် အရာရာမှာ မပါမဖြစ်တဲ့ အရှင်တစ်ပါးဆိုတာ တိုး၍တိုး၍ နားလည် လာရခြင်းအခွင့်ကိုပါ ရရှိလာခဲ့ ပါတယ်။ ထိုကဲ့သို့ ပြောဆိုရသော် ကျွန်ုပ် မဆိုး၍ ယေရှု ကောင်းနေခြင်း မဟုတ်ပါ။ ဘုရားဂုဏ်အင်္ဂါရပ်တွေ တစ်သီ တတန်းကြီးနဲ့ ပြည့်စုံတော်မူရုံမက မိတ်ဆွေကောင်းတို့၏ အရည်အချင်းနဲ့လဲ ပြည့်စုံတော်မူ ပြန်ပါတယ်။

## ၂) ကျွန်ုပ် အတွက် အသက်စွန့် တော်မူသော ယေရှု ( ယော ၁၅း၁၃)

အပြစ်နွံ၌ နစ်နေသော ကျွန်ုပ်အား ကယ်အံ့သောငှာ ယေရှုခရစ် သည် ဤလောကသို့ ကြွလာတော်မူပါတယ်။ ( ၁တိ ၁း၁၅) ထိုသို့ပြုရန် အတွက် သူ၏ ကောင်းကင်ဘုံနန်း စည်းစိမ်မှန်သမျှတို့ကိုလည်း စွန့်တော်မူခဲ့ လေပြီ။ အပြစ်နှင့် ကင်းလွတ် ကင်းစင်တော်မူသော်ငြားလည်း ကျွန်ုပ်ကို ကယ်စိမ့်သောငှာ အပြစ်သားအဖြစ် ခံယူတော်မူခဲ့ပြီး ကားတိုင် ထက်၌ အ သက်စွန့်တော်မူခဲ့၍ သင်္ချိုဟ်မြှုပ်နှံခြင်းမှ ထမြောက် အောင်မြင် တော်မူခဲ့ ပါတယ်။ ယေရှုခရစ်တော်သည် ကျွန်ုပ်အတွက် အသက်စွန့် တော်မူခဲ့သော မိတ်ဆွေစစ် ဖြစ်တော်မူပါတယ်။

## ၃) တိုင်ပင်ဘက် ဖြစ်တော်မူ၏။ ( ဟေရှာယ ၉း၆)

ယေရှုခရစ်က ကျွန်ုပ် ဒုက္ခဆင်းရဲကြုံရမယ်။ ဒါပေမဲ့ မစိုးရိမ်နဲ့လို့ မိန့် မှာ တော်မူထားပါတယ်။ ဘာ့ကြောင့်လည်းဆိုတော့ သူကိုယ်၌က လောကကို အောင်မြင်ထားသူမို့ပါ။ မစိုးရိမ်နဲ့ ဒုက္ခ မခံရတော့ဘူးဆိုရင်တော့ ကျွန်ုပ် လက်ခံမှာ မဟုတ်ပါဘူး။ အပြစ်ရဲ့ အကျိုးဆက်ကြောင့် ဒီလောကမှာ အသက်ရှင်နေရသရွေ့ ဒုက္ခ ဆိုတာ ရှိရမှာပါဘဲ။ သေပြီးနောက်၌ပင် အသက် ရှင်တဲ့ ဘုရားကို မသိသူအဖို့ ငရဲ ဆိုတာက အဆင်သင့်။ ဘုရား ဖက် မှသာ အသက်ရှည်၍ ဒုက္ခဘေးက ကင်းလွတ်ရမှာပါ။ ဆိုလိုချင်တာက ကျွန်ုပ်မှာ ပြဿနာ အနည်းအများတော့ ရှိပါတယ်။ ဒါပေမဲ့ ကျွန်ုပ်ရဲ့တောင်းလျှောက် တဲ့ စကားသံကို ယေရှုခရစ်တော်က နားညောင်းတော်မူပါတယ်။ ထိုမျှမက **“သင့်ကို နှစ်သိမ့်စေသော သူကား အခြားသူ မဟုတ်၊ ငါကိုယ်တိုင် ပေတည်း” ( ဟေရှာယ ၅၁း၁၂)**လို့ အပြောနှင့် အလုပ် ညီသော ကျွန်ုပ်၏ မိတ်ဆွေစစ် ကား ယေရှုခရစ်ဘဲ ဖြစ်ပါတယ်။

## ၄) လမ်းပြရှင် ယေရှုခရစ် ( ဟေရှာယ ၃၀း၂၁)

ငါ့ထံသို့လာ၍ နည်းခံပါဟု မိန့်မြွက်တော်မူသော ယေရှုခရစ်သည် အမှန် ခိုလှုံသူအား လမ်းပြတော်မူပါတယ်။ အဘယ်မျှ ကတိ ပေးထား တော်မူသည်ကား “သင့် မိဘတို့သည် သင့်ကိုစွန့်သော်လည်း ငါကား မစွန့်၊ ပစ်၍ မထား။ ထူ၍ ကူမမည်” လို့ဆိုထားပါတယ်။ ကျွန်ုပ်တို့ မြန်မာ ယုံ ကြည် စံထားမှုအရ မိဘမေတ္တာဟာ အထွတ်ထိပ်ဖြစ်ပါတယ်။ ထိုအထွတ် အထိပ်တို့သည် ရင်သွေးငယ်တို့အား အမွေပြတ်စွန့်လွှတ်မှုကို နေ့စဉ် သတင်းစာမှာ မမြင်မတွေ့ချင်မှ အဆုံးပင်။ သို့သော် ခရစ်တော်ဘုရားအား ကိုးကွယ် ယုံကြည်သူအား ခရစ်တော်ဘုရားက လမ်းပြကွယ်ကာခြင်း မရှိ တော့ဘဲ၊ စွန့်ပစ်သည်ကိုကား မတွေ့ခဲ့ဘူးပါလေ။ လူသားတို့က ဘုရားရှင်ကို စွန့်ပစ်ကြသော်လည်း ဘုရားရှင်က စွန့်တော်မမူတတ်ပါချေ။ ကျွန်ုပ် အသက်တာတွင် ဘဝ၏ နေ့စဉ် အမှုတို့အား တင်ပြတောင်းလျှောက် သောအခါ ဘုရားရှင်က ယနေ့အချိန်အထိ လမ်းပြပဲ့ပြင် တော်မူပါတယ်။ တစ်ခါ တစ်ရံတော့ ကျွန်ုပ်လမ်းစဉ်ကိုစွန့်ပြီး စောင့်စားခဲ့ရတဲ့အချိန်တွေတော့ ရှိခဲ့ပါတယ်။ ဒါပေမဲ့ သေချာတဲ့အရာတစ်ခုက မိတ်ဆွေကောင်းဟာ ဘယ် တော့မှ သူ၏ အဆွေအား အကျိုးနည်းအောင် မလုပ်ဆောင်ဘူးဆိုတာ အားလုံးသိကြတဲ့အတိုင်း ခရစ်တော် ဘုရားမြတ်ကလည်း – ငါသည် သင်တို့ ကို အကျိုးနည်းစေခြင်းငှာ ကြံစည်သော အကြံမဟုတ်ဘဲ သင်တို့သည် မျှော်လင့်သော အကျိုးကို ရမည်အကြောင်း ငြိမ်ဝပ်စေခြင်းငှာသာ သင်တို့အဖို့ ကြံစည်သော အကြံတို့ကို ငါသိ၏။ ယေရမိ ၂၉း၁၁ လို့ဆိုထားတဲ့အတိုင်း ကျွန်ုပ် အပေါ်မှာ မိတ်ဆွေကောင်းပီသတော်မူပါတယ်။



## ၅) ကျေးမွေးစောင့်ရှောက်သော အရှင်ယေရှု ( ဖိ ၄း၁၉ ၊ မ ၆း၂၅–၂၆)

ဘုရားမြတ်က ကျွန်ုပ်တို့လူသားအား စောင့်ရှောက် ကျွေးမွေး တော်မူသည် ဆိုသော စကားသည် ဤလောကတွင် အထူးခြားဆုံးသော စကားတစ်ခွန်းဆိုပါက မှားအံ့ မထင်ပေ။ ကျွန်ုပ်ယေရှုခရစ်တော်အား အရှင်သခင် ဘုရားမြတ်အဖြစ် သိရှိလာသည့်နေ့မှစ၍ လောကခရီးသည် အစစ်ဖြစ်သွားပါတယ်။ သို့ဖြစ်လင့်ကစား **အကြောင်း သူသည် ငါ၏နာမ ကြောင့် အိမ်၊ လယ်၊ ညီအစ်ကို၊ နှမ၊ မိဘ၊ သားမယားတည်းဟူသော တစ်ပါးပါးကိုစွန့်၏။ ထိုသူသည် အဆ တစ်ရာသော အကျိုးကိုရ၍ ထာဝရအသက်ကို အမွေခံရလတ္တံ့။ (မ ၁၉း၂၉ )** ဆိုတဲ့ ထိုအရှင်၏ ကတိတော်စကားအတိုင်း တမလွန် အတွက်သာ ကျွန်ုပ်ကို ကယ်တင်ရုံသာမက နေ့ရက်စဉ် ကျွေးမွေး စောင့်ရှောက် ဆင်ယင်တော်မူပါတယ်။ ပညာရှင်တစ်ချို့ပြောခဲ့တဲ့ စကား တစ်ခွန်းက “ယေရှုခရစ်တော်ကို ကိုးကွယ်မိ၍ နောင်တရတယ်လို့ ပြောတဲ့သူ တစ်ယောက်မှ မတွေ့ဖူးပါ” ဆိုတဲ့ စကားကို ကျွန်ုပ်ကိုယ်တွေ့ဖြင့် ထပ်ပြီးထောက်ခံပါတယ်။

### နိဂုံး

ယေရှုခရစ်တော်ဘုရားရဲ့ ကောင်းမြတ်တော်မူခြင်းတွေကို ရေး၍ ပြော၍ ဆုံးနိုင်မှာ မဟုတ်ပါဘူး။ ကျွန်ုပ်ရဲ့ နောက်ဆုံး ထွက်သက် ထိတိုင် အောင် ပြောနေ၊ ရေးနေမှာက ကျွန်ုပ်ရင်တွင်း မှစေ့ဆော်ချက် တစ်ရပ် ရယ်ပါ။ အချုပ်အနေနဲ့ ပြောရပါက ယေရှုခရစ်တော် ဘုရားဟာ ဘယ်လိုပုဂ္ဂိုလ်မျိုး ဆိုတာ အပိုလည်း ကျွန်ုပ်ပြောနိုင်စွမ်းမရှိသမို့ “လာ၍ ကြည့်ရှု လှည့်ပါ ” ယော ၁း၄၇။ ယေရှုခရစ်တော် ကောင်းမြတ်တော်မူသည့်အကြောင်းကို သိမှတ်ကြည့်ပါ ဟူ၍ ပြောဆိုရင်း ဓမ္မအဆွေအား မိတ်ဆက်ပေးလိုပါတယ်။ (ဆာလံ ၃၄း၈) လောက သုံးခွင်တွင် အမြတ်ဆုံးသော ဘုရားရတနာအား အယောက်စီတိုင်း ရယူနိုင်စေရန် ရည်သန်လျှက် ... ... ။

နာမတော်မြတ်၌ **Samuel Soe Lwin**

---

## ကျွန်တော်နှင့် ရာထူး (မင်းအောင်သက်လွင်)

“ရာထူး” ဆိုတာ “ရူးတာ” လို့ သူငယ်ချင်း အချင်းချင်း နောက် ပြောင် ပြောဆိုခဲ့ဖူးပါတယ်။ ဒါပေမဲ့ အဲဒီ ရူးတာ ဆိုတဲ့ ရာထူးကိုတော့ လူ တိုင်းလိုလို မက်မောကြတာချည်းပါဘဲ။ ဆိုက္ကားနင်းတဲ့ ဘဝကနေ ဆိုက္ကား ပိုင်ရှင်ဆိုတဲ့ ရာထူးကို လိုချင်ကြမယ်။ ဆေးရုံသူနာပြု ဘဝကနေ ဆေးရုံအုပ် ရာထူးကို မက်မောကြမယ်။ စက်ရုံ အလုပ်သမားဘဝကနေ စက်ရုံမှူးကြီး ရာထူးကို မက်မောကြမယ်။ တပ်သား ဘဝကနေ ဗိုလ်မှူးရာထူးကို မက်မော ကြမယ်။ မက်လဲ မက်မောသင့်ပါတယ်။

ကျွန်တော်လဲ လူသားတစ်ယောက်ဆိုတော့ ရာထူး လိုချင်တဲ့ စိတ်ရှိ ပါတယ်။ မြန်မာပြည်မှာတုံးက စက်ရုံတစ်ရုံမှာ စက်မှုကျွမ်းကျင်ရာထူး

အဆင့် ၂ နဲ့ အလုပ် လုပ်ခဲ့ဖူးတယ်။ လုပ်သက် ၂ နှစ်ပြည့်တော့ စက်မှုကျွမ်းကျင် အဆင့် ၁ ရာထူးအတွက် စာမေးပွဲဖြေရမယ်လို့ စီမံရေးဌာနက သတင်းပို့ပါတယ်။ ချိန်းဆိုတဲ့နေ့မှာ ချိန်းဆိုထားတဲ့နေရာကို ဝတ်စုံပြည့်ဝတ်ပြီး ထွက် လာခဲ့တယ်။ ကျွန်တော့်ကို အရည်အချင်းစစ်မဲ့ အရာရှိက စက်မှု ကျောင်း တက်ခဲ့တုံးက စာသင်ပေးဖူးတဲ့ ဆရာအရင်း ဖြစ်နေတယ်။ ကံကောင်း လိုက်တာ ၊ ဘုရားမ တာဘဲ။ ဘာဘဲဖြစ်ဖြစ် ဆရာက တပည့်ကို အမှတ်ပြည့် ပေးပြီး ရာထူး တိုးပေးမှာ သေချာတယ်ဆိုပြီး စိတ်ထဲ ကနေကြိတ်ပြီး ဝမ်းသာ နေမိတယ်။

ဝမ်းသာလို့ မဆုံးခင်မှာ သိလိုက်ရတာက ကျွမ်းကျင်အဆင့် ၁ မှာ နေရာ လွတ်နေတာက တစ်နေရာတည်း၊ ဝင်ဖြေရမဲ့သူတွေက ၇ယောက်၊ အဲဒီ ၇ယောက်ထဲမှာ ကျွန်တော်က အသက်အငယ်ဆုံး၊ လုပ်သက် အနုဆုံး။ ကျန်တဲ့ သူတွေက ကိုယ့်အဖေ အရွယ်လောက်ရှိတဲ့ သူတွေ၊ လုပ်ငန်းကျွမ်းကျင်တဲ့သူတွေ၊ ပင်စင်စားခါနီးသူတွေ ဖြစ်နေကြတယ်လေ။ ဒီလို လုပ်သက်ရင့်တဲ့ သူတွေကို ချန်ထားခဲ့ပြီး ကျွန်တော့်လို ငချွတ် တစ်ယောက်ကို ရာထူးတိုးပေးလိုက်ရင် ကျွန်တော့် ဆရာကို လူတွေ ဝိုင်းပြောကြတော့မှာပေ့ါ။ အဲဒီတော့ ထုံးစံအတိုင်း ကျွန်တော် ရာထူး မတိုးခဲ့ပါဘူး။

ဒီလိုနဲ့ စင်ကာပူ ရောက်လာခဲ့တယ်။ ဘုမသိ ဘမသိဆိုတော့ ဒဗလျူပီနဲ့ အလုပ် လာလုပ်ခဲ့တယ်ပေ့ါ။ ၂ နှစ်၊ ၄နှစ်၊ ၁၀ နှစ် လောက်ကြာခဲ့ပြီ။ လုပ်ငန်းလဲ တော်တော်နားလည်နေပြီ၊ အခြေအနေက ဘာမှ မပြောင်းလဲဘူး။ နောက်တော့ အက်စ်ပတ်စ်တွေ ခေတ်စားလာလို့ ရာထူး တိုးပေးမယ်ဆိုတဲ့ အသံကြားရတယ်။ ရုံးစာရေးမ က ကျွန်တော်တို့လို လုပ်သက်ရင့်တဲ့ သူတွေကို ခေါ်ပြီး လိုအပ်တဲ့ ပညာအရည်အချင်း စာရွက်စာတမ်းတွေ တောင်းတယ်။ သိပ်မကြာပါဘူး၊ အဖြေထွက်လာတယ်။ ရာထူးတက်ဖို့ တင်ပေးတာက ၈ယောက်၊ စင်ကာပူ အစိုးရက ခွင့်ပြုတာ ၄ယောက်ဘဲ။ ဒီတော့ ရာထူး အောင်တာက ၄ယောက်။ အောင်တဲ့အထဲမှာ ကျွန်တော် မပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အစိုးရက လူဦးရေကန့်သတ်ထားတဲ့အတွက် ပထမဦးစားပေးအနေနဲ့ ရာထူးအောင်ပေး ခံရတဲ့သူတွေထဲမှာ ဟို တစ်ယောက် သူဌေးကတော် နေမကောင်းတုံးက ဆေးရုံအထိ ပန်းခြင်းသွားပို့ထားပေးတာ၊ နောက်တစ်ယောက်က ခွင့်နဲ့ ရွာပြန်တော့ ရွာအပြန် သူဌေးအကြိုက် ကွမ်းသီးလောက်ရှိတဲ့ ကျောက်စိမ်းတုံးကြီး လက်ဆောင် ပေးထားတာ၊ နောက်တစ်ယောက်က မန်နေဂျာကို ကျောက်စိမ်းပန်းချီကားချပ်ကြီး အိမ်အထိ လက်ဆောင်သွားပေးထားတာ၊ နောက်တစ်ယောက်တော့ ဖိုမင်ကို လေဆိပ် ဂျူတီဖရီးက ဒေါ်လာ ၂၀၀ တန် အရက် ဝယ်ပြီး လက်ဆောင် ပေးထားတာ သူတို့လေးယောက်ကိုဘဲ သူဌေးကတော်က ပွဲစားနဲ့ပေါင်းပြီး ဦးစားပေး လျှောက်လွှာတင်ပေးခဲ့တယ်။ ကျန်တဲ့သူတွေရဲ့ လျှောက်လွှာတွေကိုတော့ ထုံးစံအတိုင်း ... စတဲ့ စတဲ့ စကားသံတွေထဲမှာ အထက် မဖား၊ အောက်မဖိ တတ်တဲ့အပြင်၊ စင်ကာပူ တရုတ်သူဌေးနဲ့ ပေါင်းသင်း ဆက်ဆံရေးမှာ လိုတာထက်မပိုဘဲ မှန်တန်းဘဲ ဆက်ဆံတတ်တဲ့ ကျွန်တော်နဲ့ ဘဝတူသူငယ်ချင်းတစ်ချို့အတွက် ဘာမှ ထူးမလာခဲ့ပါဘူး။ ရာထူးတိုးတဲ့ အထဲမှာ ကျွန်တော့်ထက် ကောင်းတဲ့သူ တောင် မပါခဲ့လေတော့ ကျွန်တော်လဲ ရာထူးတိုးဖို့ ဝေးခဲ့ပြန်ပေ့ါ။

မုတ်ဆိုးမ သွားလေရာ မိုးလိုက်လို့ရွာ ဆိုတဲ့ ဆိုစကားကလဲ ရှိပြန်တော့ အဆင်မပြေလိုက်တာများ အလုပ်ထဲမှာ ရာထူး မတိုးတဲ့ အပြင် အိမ်ထောင်ကျတာ သုံးနှစ်ပြည့်နေပြီ သားသမီးကလဲ တစ်ယောက်မှ မထွန်းကားခဲ့ပြန်ပါဘူး။ ကိုယ့်နောက်က အိမ်ထောင်ကျတဲ့သူတွေက ဟော တစ်ယောက်ဟောတစ်ယောက်နဲ့ သားဆက်ခြားပြီး မနည်း တားနေရတဲ့ အချိန်မှာ ကျွန်တော်တို့ လင်မယားကတော့ ဘာမှ မထူးခြားခဲ့ပြန်ဘူး။

အဲဒီလိုနဲ့ နေလာလိုက်တာ မမျှော်လင့်ဘဲ ကျွန်တော် ရာထူးတိုးမယ်ဆိုတဲ့ သတင်းကို အတိအကျ ကြားသိလိုက်ရပါတယ်။ ပထမတော့ မယုံချင်၊ ယုံချင်နဲ့ပေ့ါ၊ ရာထူးနဲ့ လွဲခဲ့ပေါင်း များခဲ့ပြီကိုး။ ကြားကြားချင်း သိပ်အရေးမစိုက်တဲ့ ပုံစံနဲ့ နေလိုက်တယ်။ သိပ်မျှော်လင့်လွန်းပြီး အရေးထားလိုက်လို့ ဖြစ်မလာခဲ့ရင် ပိုစိတ်ဆင်းရဲရတာမို့ ဘာသတင်းဘဲ ကြားကြားအရမ်းကြီး ဝမ်းမသာ မိအောင်၊ အရမ်းကြီးလဲ ဝမ်းမနည်းမိအောင် ကိုယ့်ကိုယ် ကို လေ့ကျင့်ပြီး နေထိုင်လာခဲ့တာ ကြာခဲ့ပြီလေ။

ဒါပေမဲ့ သတင်းက အထိအကျကြီးဗျ။ ကျွန်တော် ရာထူးတိုးတော့မယ်တဲ့၊ ဘယ်သူ တိုးပေးမှာလဲ၊ ဘယ်မှာ တိုးမှာလဲ၊ ဘယ်တော့ တိုးမှာလဲ၊ ဘာ ရာထူးလဲ စတဲ့ မေးခွန်းတွေက ကျွန်တော့် ရင်ထဲမှာ ဗလောင် ဆူလို့နေပါတယ်။ သေချာပြီ၊ ကျွန်တော် ရာထူး တက်တယ်ဆိုတာ။ ရာထူး ပေးမဲ့သူက မြန်မာပြည်က စက်ရုံမှူး အရာရှိကြီး မဟုတ်ဘူး။ စင်ကာပူက ပုဂ္ဂလိကလုပ်ငန်းပိုင်ရှင် တရုတ်သူဌေးလဲ မဟုတ်ပြန်ဘူး။ ဒါဖြင့် ဘယ်သူလဲ။

အိုး – သိပြီ သိပြီ။ ဟောဗျ လူ သေးသေးလေးက ကျွန်တော့်ကို ရာထူးပေးမှာတဲ့၊ မဖြစ်နိုင်တာ။ ကျွန်တော့်ကို ရာထူးပေးမဲ့သူက မွေးတောင် မမွေးသေးဘူး။ သူမွေးရင် ကျွန်တော် ရာထူးတက်မယ်တဲ့။ အံ့သြစရာပါလား။

စိတ်ဝင်စားဖို့ ကောင်းတာက ကျွန်တော် တက်မဲ့ ရာထူးက စက်မှုကျွမ်းကျင် အဆင့် ၁ လဲ မဟုတ်၊ အက်စ်ပတ်စ်လဲ မဟုတ်။ "အဖေ" ဆိုတဲ့ ရာထူးကို တက်ရမှာတဲ့။ လောလောဆယ် ကျွန်တော့ရာထူးက "ခင်ပွန်း" အဆင့်မှာဘဲ ရှိပါသေးတယ်။ အိမ်ထောင်ကျပြီးတဲ့အချိန်မှာ "အဖေ" မဖြစ်သေးဘူး။ အခု ကျွန်တော့် ရင်သွေးလေး မွေးတော့မှ 'အဖေ'ဆိုတဲ့ ရာထူးကို တက်ခွင့်ရတာ။



ကျေးဇူးတော် သက်သက်ပါဘဲ။ အခု ဓါတ်ပုံထဲမှာ မြင်နေရတဲ့ အနီးနဲ့ အထုတ် ခံထားရပေမဲ့ ပြုံးရွှင် ရယ်မောနေတဲ့ မွေးကင်းစကလေး သေးသေးလေးဟာ အသက် ၈ ရက်ဘဲ ရှိသေးတဲ့ ကျွန်တော့်ကို ရာထူးတိုး ပေးခဲ့တဲ့ ကျွန်တော့် ရင်သွေးလေး ပါဘဲ။ ကျွန်တော် ရာထူး တက်အောင် ဝိုင်းဝန်း ဆုတောင်းပေးခဲ့ကြတဲ့ စင်ကာပူ ယုဒဿန် နှစ်ခြင်းအသင်းတော် အဖသင်းအုပ်ဆရာနဲ့ အသင်းသူ အသင်းသား အားလုံးကို ကျေးဇူးတင်ပါတယ်။ ရာထူး တိုးခွင့်ပေးခဲ့တဲ့ ဘုရားသခင်ကို အထူး အထူး ကျေးဇူးတင်ပါတယ်။ ။

( မင်းအောင်သက်လွင် )

---

## လောက၏ ရည်ရွယ်ချက်အမျိုးမျိုးနှင့် ဦးစားပေးမှုအမျိုးမျိုး ( နန်းခင်မြ )

လောကမှာ ခေတ္တခန အသက်ရှင်နေထိုင်စဉ်အတွင်း လူတွေအားလုံးမှာ ရည်ရွယ်ချက် အမျိုးမျိုး ထားရှိကြပါတယ်။ ရည်ရွယ်ချက် ပြည့်မြောက်အောင်လည်း ကြိုးစားပြီး အသက်ရှင်ကြပါတယ်။ ရည်ရွယ်ချက်များကိုလည်း ဦးစားပေး လုပ်တတ်ကြပါတယ်။

ပညာရေးမှာ ထိပ် ဖြစ်ရမယ်ဆိုတဲ့ သူများကလည်း စာကိုသာ ဦးစားပေးလုပ်ပြီး သူတို့ ဘဝမှာ ဘာမဆို စာဆိုမှစာ၊ ဘွဲ့တွေ တစ်ခုပြီးတစ်ခု ရတာကို အားမရနိုင်၊ အတောမသတ်နိုင်ကြပဲ ပိုလို့ တိုးလို့ စာကို တစ်စိုက်မတ်မတ် အားသွန်ခွန်စိုက် တစ်ဖက်စွန်း ဖိလုပ်ကြတယ်။

အချစ်ကို ဦးစားပေး ကိုးကွယ်သူများကလည်းပဲ အချစ်မှ အချစ်၊ အချစ်(ချစ်သူ) မရှိရင် မနေနိုင်၊ နေ့တိုင်းပြောလိုက်ရတဲ့ ဖုန်း၊ ချစ်ပါတယ်လို့ အခါခါ အီးမေးလ်ပို့၊ **message** ပို့၊ အချစ်အတွက် အချိန်ကုန်ခံ၊ ငွေကုန်ခံ၊ လူအပင်ပန်းခံ နဲ့ပဲ အချစ်အတွက်နဲ့ အလုပ်ရှုပ်၊ အချစ်ကို နံပါတ်တစ် ဦးစားပေး ထားတတ်ကြပါတယ်။

အိမ်ထောင်ပြုဖို့ ရည်ရွယ် တာစူ နေသူများကလည်း၊ အလုပ်ကြိုးစား လုပ်၊ ပိုက်ဆံကို အစွမ်းကုန်ရှာ၊ အိမ်ထောင်ပစ္စည်းတွေ ဝယ်ယူစုဆောင်း၊ မင်္ဂလာပွဲအတွက်၊ ဧည့်ခံစရိတ် အခန်းအနားအတွက် ဆိုပြီး တွက်ချက်ငွေရှာ၊ အိမ်ထောင်တည်ဖို့အတွက်ပဲ ရယ်လို့စိတ်ထဲမှာ အစဉ်သာထား ရှိပြီး အားလုံးကို မေ့ထားတတ်ကြပါတယ်။

အိမ်ထောင် ရှိသူများကလည်း၊ ငါ့မိသားစု၊ ငါ့သားသမီး၊ ငါ့မိဘ၊ ငါ့မောင်နှမ ကောင်းစားရေး၊ လူတန်းစေ့အောင် တင့်တယ်စွာ နေထိုင်နိုင်ရေးအတွက် ဝမ်းစာခြစ်ချုပ်၊ တစ်ပြားကို နှစ်ပြားခွာလို့ရယ် အစွမ်းကုန် ငွေကုန်းရှာ၊ နေ့၊ ည မသိ အချိန်တွေကုန်လို့ရယ်၊ ဘုရားသခင်နဲ့ ဘုရားကျောင်းတက်ဖို့မေ့လျော့သွားတတ်ကြပါတယ်။

အပျိုကြီး၊ လူပျိုကြီး တွေကလည်း အသက်ကြီး လာရင် ကြည့်မဲ့သူ မရှိဘူးရယ်လို့ စိုးရိမ်လွန်ကဲ၊ ငွေကို အစွမ်းကုန်ရှာ၊ စုငွေတွေ အပုံလိုက်ထား၊ တူ၊ တူမတွေကိုလည်း မျက်နှာလို မျက်နှာရ ပေးလိုက်ရတဲ့

မုန့်ဖိုး၊ ဖို့လိုက်ရတဲ့ လက်ဆောင်တွေ ၊ သူတို့ကိုယ်သူတို့ ပင်ပန်းမှန်း မသိရင်မော နေရရှာပါတယ်။

ရည်ရွယ်ချက် အမျိုးမျိုး၊ ဦးစားပေးအမျိုးမျိုးနဲ့ အသက်ရှင် နေကြတဲ့ ကျွန်တော် ကျွန်မတို့ကရော ဘယ်လို ရည်ရွယ်ချက်များနဲ့ အသက်ရှင်နေကြပြီး ဘာတွေကိုများ တစ်ဖက်စွန်း ဦးစားပေး လုပ်နေကြပါသလဲ။ မိမိအသက်တာခရီးကို ခဏလောက် **Pause** လုပ်ပြီး ပြန်လည် ဆန်းစစ် ကြည့်ကြပါစို့လို့။ ဘယ်အရာတွေကိုများ ဦးစားပေး လွန်နေပြီး၊ ဘုရားရှင် အလိုကျ ဘာတွေလုပ်ဖို့ လျော့ရဲ ပျက်ကွက်နေခဲ့ပါသလဲ။ မိမိ အသက်တာ အသက်ရှင်မှုအတွက် ဘုရားရှင် ကျေနပ်အားရနှစ်သက် ပါရဲ့လား။ သို့မဟုတ် ဘုရားရှင်ရဲ့ မျက်နှာလွှဲခြင်း ခံနေရသော အသက်ရှင်မှု ဖြစ်နေပြီလား။ ပြန်လည်ဆန်းစစ်ကြည့်ကြပါလို့။ **"ထို့မှတပါး ငါတို့ကို ကယ်တင်သော ကျေးဇူး တော်သည် ငါတို့ ယုံကြည်သော နေ့ရက်၌ နီးသည်ထက် ယခုသာ၍ နီးသော ကြောင့်၎င်း၊ ညဉ့်အချိန် ကုန်လု၍ နေ့အချိန် ရောက်လုသောကြောင့်၎င်း၊ ယခုအခါ အိပ်ပျော်ရာမှ နိုးရသော အချိန်ရောက်ခဲ့ပြီဟု ငါတို့သည် သိ၍ ကာလအချိန်ကို ထောက်လျှက်၊ မှောင်မိုက်၏ အကျင့်ကို ပယ်ရှား၍ အလင်း၏ လက်နက်စုံကို ဝတ်ဆင်ဆောင်ရွက်ကြကုန်အံ့။ ပွဲလုပ်ခြင်း၊ ယစ်မျိုး သောက်ကြူးခြင်း၊ မတရား သောမေထုန်၌မှီဝဲခြင်း၊ ကိလေသာ ညစ်ညူးခြင်း၊ ရန်တွေ့ခြင်း၊ ငြူစူခြင်း အမှုတို့ကိုကြဉ်ရှောင်၍၊ နေ့အချိန်၌ ကဲ့သို့ တင့်တယ် လျောက်ပတ်စွာ ကျင့်ဆောင်ပြုမူကြကုန်အံ့။ သခင်ယေရှုခရစ်ကို ယူတင်ဝတ်ဆောင်ကြလော့။ ကိုယ်ကာယ၏ တပ်မက်ခြင်း အလိုငှာ မကြံစည်ကြနှင့်။" ( ရောမ ၁၃း၁၁–၁၄)။**

( နန်းခင်ပြုံ )

---

# *ကတိတော်နှင့်ဆိုင်သောကယ်တင်ရှင်ယေရှု ခရစ်* ( အန်ဒရူး)

စကြာဝဠာကို ဖန်ဆင်းခဲ့သူတစ်ဦးသည် တချိန်က လူသားတစ်ဦးအဖြစ် ကမ္ဘာပေါ်တွင် ရှိနေခဲ့ဘူးပါသည်။ ထိုသူသည် ဘုရားသခင်၏ သားတော် သခင်ယေရှု ခရစ်တော် ဖြစ်ပေ၏။ ရှင်ယောဟန်ခရစ်ဝင်ကျမ်း အစ၌ သခင်ယေရှုအား နှုတ်ကပါတ်တော် ဟု ပြောထားပါသည်။ **အစအဦး၌ နှုတ်ကပါတ်တော်ရှိ၏။ နှုတ်ကပါတ်တော်သည် ဘုရားသခင်နှင့် အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင် ဖြစ်တော်မူ၏။ (ယော ၁း၁)**၊ ဤကျမ်းပိုဒ် အရ သခင်ယေရှုသည် ဘယ်အရာကိုမှ မဖန်ဆင်းမီ အစဉ်အမြဲရှိနှင့်တော်မူ၏၊ သူသည် ခမည်းတော်နှင့်အတူ ရှိပြီး။ ဘုရားသခင် ဖြစ်တော်မူ၏။

တချိန်က ဘုရားသခင်၏ သားတော်သည် လူသားတစ်ယောက်အဖြစ် ဤကမ္ဘာပေါ်၌ နေထိုင်ခဲ့ပါသည်။ **နှုတ်ကပါတ်တော်သည်လည်း လူ့ဇာတိအဖြစ်ကို ခံယူ၍ ကျေးဇူးတော်နှင့်၎င်း၊ သစ္စာတော်နှင့်၎င်း၊ ပြည့်စုံလျှက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍ ခမည်းတော်၏ တပါး တည်းသော သားတော် ၏ဘုန်းကဲ့သို့ သူ၏ ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ။ (ယော ၁း၁၄)**

## *ခရစ်တော်ကြွလာခြင်း ကိုကြိုတင်၍ဟောထားခဲ့ခြင်း*

သခင်ယေရှုသည် ဤလောကသို့ မကြွလာခင် နှစ်ရာပေါင်းများစွာ ကတည်းကပင် ဘုရားကကြိုတင်ပြီး ကြွလာမည့်အကြောင်း ဂတိပြုထားခဲ့ပါသည်။ ထို့ကြောင့် ထာဝရဘုရားသည် ကိုယ်တော်တိုင် နိမိတ်လက္ခဏာကို သင်တို့အား ပေးတော်မူမည်။ **ကြည့်ရှုလော့၊ သတို့သမီး ကညာသည် ပဋိသန္ဓေစွဲယူ၍ သားယောကျ်ားကို ဘွားမြင်လိမ့်မည်၊ ထိုသားကို ဧမာနွေလ အမည်ဖြင့် မှည့်ရလတ္တံ့။ (ဟေရှာယ ၇း၁၄)** ဧမာနွေလ အနက်ကား ငါတို့နှင့်အတူ ရှိတော်မူသော ဘုရားသခင်ဟု ဆိုလိုသတည်း။

ဂတိတော်နှင့်ဆိုင်သော ကလေးသည် သာမန်ကလေးငယ် မဟုတ်ပါ၊ ကျွန်ုပ်တို့နှင့် အတူနေရန် ကြွလာခဲ့သော ဘုရားသခင်ဖြစ်ပေ၏။ ထိုကလေးငယ်သည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် အပျိုကညာတွင် ပဋိသန္ဓေ ယူ၍ ဘွားမြင်ခဲ့၏။ ထိုကယ်တင်ရှင်ကို ဂျူးလူမျိုးများက မေရှိယ ဟုခေါ်ပြီး ဂရိစကားအားဖြင့် "ခရစ်တော်" ဟု ခေါ်ပါသည်၊

အာဒံနှင့်ဧဝ အပြစ်ပြုပြီးနောက် အပြစ်ကြောင့် ပျက်စီးသွားသော လူသားများကို ပြန်လည်ကယ်တင်ဖို့ရန် ဒေဝဉယျာဉ်၌ ဂတိပေးထားခဲ့ပြီး ဖြစ်သည်။ ဘုရားသခင်က စာတန်အား **သင်နှင့်မိန်းမကို၎င်း သင်၏အမျိုးအနွယ်နှင့် မိန်းမ၏ အမျိုးအနွယ်ကို၎င်း။ ငါသည် ရန်ငြိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကို ကြိတ်လိမ့်မည်။ သင်သည် သူ၏ဖနောင့်ကို ကြိတ်လိမ့်မည်ဟု မိန့်တော်မူ၏။ (က၊၃း၁၅)**၊ မိန်းမ၏ အမျိုးအနွယ်သည် ကြွလာမည့် ယေရှုခရစ်တော် ဖြစ်ပါသည်။ **ထာဝရအရှင် ဘုရားသခင်သည်လည်း လူလင်မယားဖို့သားရေဖြင့် ဝတ်လုံကို လုပ်၍ ဝတ်ခြုံစေတော်မူ၏၊ (က ၃း၂၁)**၊ သားရေဝတ်လုံသည် အပြစ်မဲ့သော သိုးသငယ်၏ သားရေဖြစ်ပြီး လူ လင်မယားအတွက် ဝတ်ခြုံစေရန် အသွေးသွန်းခြင်းနှင့် အသေသတ်ခြင်းကို ကမ္ဘာဦးကပင် ခံခဲ့ရပါသည်။ (ဗျာ ၁၃း၈)၊ သိုးသငယ်သည် နောင်ကြွလာမည့် ဘုရား၏ သိုးသငယ်စစ် ဖြစ်သော ယေရှုခရစ်တော်ကို ပုံဆောင်ပါသည်၊ (ယော ၁း၂၉)၊ ဘုရားသခင်၏ သားတော်သည် နောင်သောအခါ ဤလောက သို့ကြွလာပြီး အပြစ်သားများကိုကယ်ရန် အသွေးသွန်းခြင်းနှင့် အသေခံခြင်း အားဖြင့် ကယ်တင်မည့် အကြောင်း ဂတိတော်ထားခဲ့ပါသည်။

ထို့ကြောင့် အာဒံနှင့်ဧဝ အချိန်မှစ၍ ယေရှုခရစ်ကြွလာပြီး လက်ဝါးကပ်တိုင်ပေါ်၌ အသေခံချိန်တိုင်အောင် ကြွလာမည့် မေရှိယကို မျှော်ကြည့်လျက် ယုံကြည်ခြင်းဖြင့် အပြစ်မဲ့သိုးများကို ပူဇော်ခဲ့ကြပါသည်၊ ထိုပူဇော်မှုများသည် ဘုရား၏ အလိုတော်အတိုင်းဖြစ်၍ ဘုရားသခင်က လက်ခံ ခဲ့ပြီး ယာယီအားဖြင့် ဘုရားနှင့်လူ မိတ်သဟာယ ပြုခဲ့ကြပါသည်။

ကျမ်းစာ၌ မေရှိယ မွေးဘွားလာမည့် မြို့ကိုလည်း ပရောဖက်မိက္ခာ အားဖြင့်အတိအကျကြိုတင်ဟောထားခဲ့ပါသည်၊ ထိုသို့ နှစ်ရာပေါင်းများစွာ စောင့်မျှော်ရင်း တစ်နေ့၌ ဘုရား၏ကောင်းကင်တမန်တပါးသည် အပျိုကညာ မာရိရှေ့ ၌ ပေါ်လာပြီး **"ကောင်းကင်တမန်ကလည်း မာရိ ကြောက်ရွံ့ခြင်း မရှိနှင့်၊ သင်သည် ဘုရားသခင့် ရှေ့တော်၌ မျက်နှာရပြီ၊ သင်သည်ပဋိသန္ဓေစွဲယူ၍ သားယောကျ်ားကို ဘွားမြင်လိမ့်မည်၊ ထိုသားကို ယေရှု အမည်ဖြင့် မှည့်ရမည်၊ ထိုသားသည်ကား ကြီးမြတ်သောသူ ဖြစ်လိမ့်မည်၊ အမြင့်ဆုံးသော ဘုရားသခင်၏ သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံရလိမ့်မည်၊ သူ့အဘ ဒါဝိဒ်၏ ရာဇပလ္လင်ကို ထာဝရ အရှင်ဘုရားသခင်သည် သူ့အားပေးတော်မူမည်၊ ထိုသူသည်လည်း ယာကုပ် အမျိုးအနွယ်ကို အစဉ်မပြတ် အုပ်စိုးလိမ့်မည်၊ သူ၏နိုင်ငံသည်လည်း ဆုံးခြင်း မရှိရဟု ပြောဆို၏၊ (လု ၁း၃၀–၃၃)**

ပရောဖက် ပြောသည့်အတိုင်း သခင်ယေရှုသည် ဗက်လင်မြို့၌ မွေးဘွားခြင်းကို ခံတော်မူ၏၊ ထာဝရဘုရား၏ ကောင်းကင်တမန်သည် သိုးကျောင်းသော သူများ၏အနီး၌ ပေါ်လာပြီး **"ကောင်းကင်တမန်ကလည်း ကြောက်ရွံ့ခြင်း မရှိကြနှင့်၊ လူအပေါင်းတို့သည် အလွန်ဝမ်းမြောက် ဝမ်းသာစရာ သိတင်းကို ငါသည် သင်တို့အား ကြားပြောရ၏၊ ယနေ့တွင် ဒါဝိဒ်၏မြို့၌ သခင်ခရစ်တော်တည်းဟူသော ကယ်တင်သောအရှင်သည် သင်တို့အဘို့အလို့ငှာ ဘွားမြင်ခြင်းကို ခံတော်မူပြီ။ (လု ၂း၁၀–၁၁)**

ယေရှုအား သူငယ်ဘဝ၌ ယောသပ် နှင့် မာရိသည် ဗိမ္မာန်တော်သို့ ခေါ်သွားခဲ့သည်။ ဗိမ္မာန်တော်၌ ရှုမောင် အမည်ရှိသော သန့်ရှင်းသူ တစ်ဦးသည် ကတိတော် ကယ်တင်ရှင်ကို မမြင်မီ မသေရဟု ဗျာဒိတ်ရထားသူဖြစ်၏၊ **ရှုမောင်သည် ယေရှုကို လက်နှင့်ချီပိုက်၍ ဘုရား သခင်၏ ကျေးဇူးတော် ကို ချီးမွမ်းလျှက် အစိုးရတော်မူသောအရှင် ဗျာဒိတ် တော်အတိုင်း ကိုယ်တော်၏ ကျွန်သည်ငြိမ်ဝပ်စွာ စုတေ့ ရသော အခွင့်ကို ကိုယ်တော်သည် ယခုတွင် ပေးတော်မူ၏ ... ကယ်တင်သောသခင်ကို အကျွန်ုပ်သည် ကိုယ်မျက်စိနှင့် မြင်ရပါ၏ဟု မြွက်ဆို၏၊ (လု ၂း၂၈–၃၂)**



## *ယေရှု သည် ခရစ်တော် ဖြစ်သည်၊*

* ယေရှုသည် ကေန်အမှန် ဘုရားက ကတိပြုခဲ့သော ကယ်တင်ရှင် ခရစ်တော်မှန်ပါသလား။

– ကေန်အမှန်ဖြစ်ပါသည်။

* ဘယ်ကဲ့သို့သိနိုင်ပါသနည်း။

– သမ္မာကျမ်းစာက ပြောထားသောကြောင့်ဖြစ်ပါသည်၊

ကျမ်းစာ၌ ယေရှုသည် ခရစ်တော်ဖြစ်ကြောင်း ရှင်းလင်းစွာ ဖေါ်ပြထားပါသည်၊ ရှင်ယောဟန်ခရစ်ဝင်ကျမ်း အခန်းကြီး(၄) ၌ယေရှုသည် ရေတွင်း၌ ရှမာရိအမျိုးသမီးနှင့် စကားပြောစဉ် မိမိသည် မေရှိယ ဖြစ်ကြောင်း ဝန်ခံခဲ့ပါသည်၊ **မိန်းမကလည်း မေရှိကြွလာတော်မူသည်ဟု အကျွန်ုပ်သိပါ၏၊ ရောက်တော်မူသောအခါ အကျွန်ုပ်တို့အား အလုံးစုံတို့ကို ဘော်ပြတော်မူ သည်ဟု လျှောက်ပြန်၏၊ မေရှိ အနက်ကား၊ ခရစ်တော် ဟုဆိုလိုသတည်း။ ယေရှုကလည်း၊ သင်နှင့်စကားပြောသော ငါသည် မေရှိ ပင်ဖြစ်သည်ဟု မိန့် တော်မူ၏၊ (ယော ၄း၂၅–၂၆)**

ထို့နောက် တပည့်တော်တို့အား မိမိသည် မည်သူဖြစ်ကြောင်း မေးသောအခါ **ရှိမုန်ပေတရုက ကိုယ်တော်သည် ခရစ်တော် တည်းဟူသော အသက်ရှင်တော်မူသော ဘုရားသခင်၏ သားတော်ဖြစ်တော်မူသည်ဟု လျှောက်လေ**

**၏၊ ယေရှုကလည်း ရှိမုန် ဗာယောန သင်သည် မင်္ဂလာရှိ၏၊ အကြောင်းမူကား၊၊ အသွေးအသားသည် ဤအကြောင်းအရာကို သင့်အား ဖော်ပြသည် မဟုတ်၊ ကောင်းကင် ဘုံ၌ ရှိတော်မူသော ငါ့ခမည်းတော်သည် ဖော်ပြတော်မူသတည်း၊၊ (မ ၁၆း၁၆–၁၇)**

သမ္မာကျမ်းစာ၌ ယေရှုက ပြည့်စုံစေခဲ့သော ပရောဖက် ပြုချက်များ ကို ကြည့်ကြပါစို့။ ပရောဖက်ပြုချက်များသည် ခရစ်တော် မဘွားမီ နှစ်ပေါင်း များစွာကပင်ကြို၍ ဟောထားခဲ့ခြင်း ဖြစ်ပါသည်။

| စဉ် | အကြောင်းအရာ အဖြစ်အပျက်များ | ဓမ္မဟောင်းမှ ပရောဖက် ဟောထားချက် | ဓမ္မသစ်ကာလတွင် ပြည့်စုံခြင်း |
|---|---|---|---|
| ၁ | ဗက်လင်မြို့တွင် ဘွားမြင်ခြင်း၊ | မိက္ခာ ၅း၂ | မဿဲ ၂း၁ |
| ၂ | အပျိုကညာမှ ဘွားမြင်ခြင်း၊ | ဟေရှာယ ၇း၁၄ | မဿဲ ၁း၁၈ |
| ၃ | လက်နှင့်ခြေတို့ကို ထိုးဖေါက်ခြင်း၊ | ဆာလံ ၂၂း၁၆ | လုကာ ၂၃း၃၃ |
| ၄ | အပြစ်များကို ခံယူသွားခြင်း၊ | ဟေရှာယ ၅၃း၆ | ၁ပေ ၂း၂၄ |
| ၅ | ဘုရားသခင်၏ စွန့်ပစ်ခြင်း | ဆာလံ ၂၂း၁ | မဿဲ ၂၇း၄၆ |
| ၆ | အဝတ်တော်ကို စစ်သားများ မဲခွဲ၍ ယူခြင်း၊ | ဆာလံ ၂၂း၁၈ | မာကု ၁၅း၂၄ |
| ၇ | အရိုးတစ်ချောင်းမှ မကျိုးခြင်း၊ | ဆာလံ ၃၄း၂၀ | ယောဟန် ၁၉း၃၃ |
| ၈ | ဂျူးလူမျိုးများ၏ ငြင်းပယ်ခြင်း၊ | ဟေရှာယ ၅၃း၃ | ယောဟန် ၁း၁၁ |
| ၉ | တပည့်တစ်ဦး၏ သစ္စာဖေါက်အပ်နှံခြင်း၊ | ဆာလံ ၄၁း၉ | မာကု ၁၄း၁၀ ယော။၁၃း၂၁–၂၆ |
| ၁၀ | ငွေ ၃၀နှင့် ရောင်းစားခံရခြင်း၊ | ဇာခရိ ၁၁း၁၂ | မဿဲ ၂၆း၁၄–၁၅ |
| ၁၁ | လူဆိုးများနှင့်အတူ လက်ဝါးကပ်တိုင်၌ ရိုက်ထားခံရခြင်း၊ | ဟေရှာယ ၅၃း၁၂ | မဿဲ ၂၇း၃၈ |
| ၁၂ | သင်္ချိုင်းမှ ထမြောက်ခြင်း၊ | ဆာလံ၁၆း၁၀–၁၁ | မဿဲ ၂၈း၅–၆ |

ခရစ်တော်နှင့် ပတ်သက်၍ ကျမ်းစာ၌ ပရောဖက်ပြုချက်များစွာ ရှိပါသည်။ အချို့သည် ခရစ်တော် ဒုတိယကြွလာခြင်းနှင့် ဆိုင်ပြီး ယခု မပြည့်စုံ သေးပါ၊ ခရစ်တော်တဖန် ကြွလာသောအချိန်၌ ပြည့်စုံပါလိမ့်မည်။

အထက်ပါ ကျမ်းပိုဒ်များအားဖြင့် ယေရှုသည် ခရစ်တော် တည်း ဟူသော ဘုရားဂတိတော်နှင့်ဆိုင်သော ကယ်တင်ရှင် ဖြစ်ပါသည်။

**ဤကျမ်းစာ၌ ရေး၍ မထားသော အခြားနိမိတ်လက္ခဏာ အများ တို့ကို လည်း ယေရှုသည် တပည့်တော်တို့ မျက်မှောက်၌ ပြတော်မူ၏၊ ယေရှုသည် ခရစ်တော် တည်းဟူသော ဘုရားသခင်၏ သားတော်ဖြစ်တော်မူသည်ကို သင်တို့ သည် ယုံမည်အကြောင်း၊ ထိုသို့ယုံ၍ နာမတော်အားဖြင့် အသက်ကို ရမည် အကြောင်း၊ ဤမျှလောက် ရေးထားလျက်ရှိသတည်း၊၊ (ယော၊ ၂၀း၃၀–၃၁)**

***<u>သခင်ယေရှု ခရစ်ကို ယုံကြည်လက်ခံ ရမည်၊</u>***

ကျမ်းစာ၌ – **သခင်ယေရှုခရစ်ကို ယုံကြည်လော့၊ ယုံကြည်လျှင် သင်နှင့် သင်၏ အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်၊၊ (တ ၁၆း၃၁)**

**ငါသည် ဤမည်သောသူဖြစ်သည်ကို သင်တို့သည် မယုံလျှင် ကိုယ်အပြစ်၌ သေကြလိမ့်မည်ဟုမိန့်တော်မူ၏" (ယော ၈း၂၄ ခ)**

ကျွန်ုပ်တို့သည် သခင်ယေရှုကို ကယ်တင်ရှင်အဖြစ် လက်ခံရမည်၊ **"ထိုသူကို လက်ခံသမျှသော သူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သော သူတို့အား ဘုရားသခင်၏ သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏၊ (ယော ၁း၁၂)**

အပြစ်ကို နောင်တရလျက် သခင်ယေရှုခရစ်ကို ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံခြင်းမရှိလျှင် မည်သူတစ်ဦးတယောက်မျှ ကယ်တင်ခြင်းသို့ မရောက်နိုင်ပါ။ သခင်ယေရှုကို စိတ်နှလုံးထဲသို့ ကယ်တင်ရှင်အဖြစ် ဆုတောင်းခြင်းဖြင့် လက်ခံနိုင်ပါသည်။ သင်၏ စိတ်နှလုံးထဲ၌ ခရစ်တော် ယေရှုကို လက်ခံရန်ပြုလုပ်ခြင်းသည် အရေးကြီးဆုံးသော ဆုံးဖြတ်ချက် ဖြစ်ပါသည်။ ဤသို့ ပြုလုပ်ခြင်းဖြင့်သင်၌အံ့ဘွယ်သော အဖြစ်များ ဖြစ်လာပါ လိမ့်မည်၊

၁၊ ခရစ်တော်သည် သင်၏ စိတ်နှလုံးတွင်း ဝင်ရောက်ပြီ။ (ဗျာဒိတ် ၃း၂၀) (ဂလာတိ ၂း၂၀)
၂၊ သင့်အပြစ်များကို ခွင့်လွှတ်ပြီ။ (ဧဖက် ၁း၇–၈)
၃၊ သင်သည် ဘုရားသား ဖြစ်ပြီ။ (ယောဟန် ၁း၁၂)
၄၊ သင်သည် ခရစ်တော်၌ လူသစ်ဖြစ်ပြီ။ (၂ကောရိန္တု ၅း၁၇)
၅၊ သင့်စိတ်နှလုံးသည် သန့်ရှင်းသောဝိညာဉ်တော်၏ နေအိမ်ဖြစ်ပြီ။ (၁ကောရိန္တု ၆း၁၉)

သင်သည် သခင်ယေရှုကို လက်ခံရရှိပြီလား။ သင်က "အပြစ်များ အားလုံးကို ခွင့်လွှတ်ပြီးသည်ကို ကျွန်ုပ်သည် သိပါကြောင်းနှင့် ယေရှု ခရစ်တော် သည် ကျွန်ုပ်၏ စိတ်နှလုံးတွင် အသက်ရှင်လျက်ရှိနေသည်ကို ကျွန်ုပ် သိ ကြောင်းတို့ကို ပြောနိုင်ပါသလား။

သင်သည် စိတ်နှလုံးထဲ၌ ယေရှုခရစ်ရှိကြောင်း စိတ်မချလျှင် ယခုပင် ယေရှုခရစ်ကို ကယ်တင်ရှင်အဖြစ် ယုံကြည်ခြင်းဖြင့် ဆုတောင်း ခေါ်ဖိတ် လက်ခံပါ။ ယုံကြည်ခြင်းသည် အရေးကြီးပါသည်။ သင်သည် အမှန် တကယ် ခေါ်ဖိတ်က သခင်ယေရှုသည် ကတိတော်အတိုင်း သင်၏ စိတ်နှလုံး ထဲသို့ ဝင်ရောက်ပေလိမ့်မည်။ (ဗျာ ၃း၂၀) သင်သည် ထာဝရအသက်ကို ရရှိပြီ။ (၁ယော ၅း၁၁–၁၂)၊ ထာဝရအသက်ကိုရကြောင်း သင်ပြောနိုင်ပြီ။ (၁ယော ၅း၁၃)၊

သခင်ယေရှုသည် သင့်ကို ဘယ်သောအခါမျှ စွန့်ပစ်လိမ့်မည် မဟုတ်ပါ။ (ဟေဗြဲ ၁၃း၅)၊ စိတ်ချထိုက်သောသမ္မာကျမ်းစာ ကတိတော်များ ကို ယုံကြည်ကိုးစားခြင်းဖြင့် ဆက်လက်အသက်ရှင်ပါ။ ။ ( **ဓနိ်ဒရူး** )

## မြတ်သောသစ္စာ ( ကန္တာရချို )

စာစု (၁)



တနင်္ဂနွေနေ့ ဘုရားကျောင်း က အပြန်မှာ မြန်မာပြည် ခန ပြန်လည် တဲ့ အသိမိတ်ဆွေ တစ်ယောက် သယ်လာပေးတဲ့ ကျွန်မ အတွက် လူကြုံပစ္စည်း အထုတ် ကို ဖွင့်ကြည့်လိုက်တဲ့အခါ ကျွန်မ အထုတ်တွေနဲ့ အတူ မြန်မာပြည် မှာ ရှိတဲ့ သူငယ်ချင်းတစ်ယောက်က ထည့်ပေးလိုက်တဲ့ သူ့ ခင်ပွန်း အတွက် လူကြုံပစ္စည်းတွေပါ ပါနေတဲ့အတွက် သူငယ်ချင်းရဲ့ ခင်ပွန်းကို ဖုန်းနဲ့ ဆက်သွယ်၊ စီးတီးဟော မှာ ချိန်းချက်ပြီး လူကြုံပစ္စည်း သွားပေးလိုက်ပါတယ်။

သူငယ်ချင်းရဲ့ ခင်ပွန်းက ကျေးဇူးတင်လွန်းလို့ ကျွန်မရဲ့ ခင်ပွန်းကို ဘီယာတိုက်၊ ကျွန်မကို ကျတော့ ကော်ဖီ တိုက်ပြီး စကားစမြည်ပြောဖြစ်ခဲ့ကြ ပါတယ်။ အဲဒီအချိန်မှာ ကျွန်မတို့နဲ့ အတူ သူငယ်ချင်းရဲ့ ခင်ပွန်း ဘေးနားမှာ ကောင်မလေး တစ်ယောက်ပါ ပါနေတဲ့ အတွက် စပ်စု တတ်တဲ့ ကျွန်မက သူငယ်ချင်းရဲ့ ခင်ပွန်းကို "သူလေးက ဘယ်သူလဲ"လို့ မသိမသာ မေးလိုက်တဲ့ အခါ သူငယ်ချင်းရဲ့ ခင်ပွန်းက သူ့ရဲ့ ရည်းစား အင်ဒိုနီးရှားမလေး ဖြစ် ကြောင်း ပွင့်ပွင့်လင်းလင်း ဝန်ခံခဲ့ပါတယ်။ တဆက်တည်းမှာဘဲ သူငယ်ချင်းရဲ့ ခင်ပွန်းဟာ ဘီယာမူးနေတဲ့အတွက် သူ့မိန်းမဖြစ်တဲ့ မြန်မာပြည်မှာ ကျန်ခဲ့တဲ့ ကျွန်မ သူငယ်ချင်းရဲ့ မကောင်းကြောင်းတွေကို မိုးမွှန်နေအောင် ပြောပြီး သူ့ဘေးနားက စင်ကာပူမှာ ရခဲ့တဲ့ တပြည်သူ ရည်းစား အသစ်စက်စက် အင်ဒိုနီးရှားမလေးက သူ့အပေါ် ဘယ်လိုကောင်းကြောင်း ချီးမွမ်းခန်း ဖွင့်နေပါတော့တယ်။ ကျွန်မတို့ရှေ့မှာတင် အင်ဒိုနီးရှားမကို ပွတ်သီး ပွတ်သပ် လုပ်ပြနေတဲ့အတွက် မျက်မုန်းကျိုးခဲ့ရပါသေးတယ်။ ကျွန်မ သူငယ်ချင်း အတွက်တော့ တော်တော် စိတ်မကောင်းဖြစ်မိပါတယ်။ သူ့ရဲ့ အပြော ကောင်းမှု တွေကြောင့် ကျွန်မ ခင်ပွန်းလဲ အားကျသွားသလားမသိဘူး။ "ခင်ဗျားမှာ မျက်နှာပွင့်ဆေးရှိရင်ပေးပါအုံး" လို့သွားပြောတယ်လေ။ ကျွန်မ ရင်ထဲမှာ "ဒိန်း" ကနဲ ရင်ခုန်သွားတဲ့အပြင် ဒေါသစိတ်နဲ့ ခင်ပွန်းသည်ကို

အများရှေ့မှာ ပွဲကြမ်းချင်ပေမဲ့ ခရစ်တော် နှလုံးသားထဲမှာ ရှိနေတဲ့အတွက် ဒေါသကို မြိုချ၊ အသာလေး ပြုံးပြပြီး နှုတ်ဆက် အိမ်ပြန်လာခဲ့ပါတယ်။

လမ်းပေါ် ရောက်တော့မှ "နင်က သူများ မယားငယ် ထားတာကို အရမ်း အားကျနေလား"လို့ ကျွန်မရဲ့ ခင်ပွန်းကို မေးတော့ သူက "အလကား နောက် တာပါကွာ"တဲ့။

စာစု (၂)

တကယ်တော့ ကျွန်မ သူငယ်ချင်းရဲ့ အမျိုးသားက မယုံကြည်သူမို့ အိမ်ထောင်ရေး ဖောက်ပြန်တာ ထားလိုက်ပါတော့။ ကျွန်မ ယောက္ခမက ကျမ်းစာကျောင်း ဆင်းပြီး ဘုရားကို အရမ်းချစ်ပြီး ဆက်ကပ်နေတဲ့ အမှုတော်ဆောင် ဖြစ်နေလျက်သားနဲ့ သူ့ရဲ့သား ဖြစ်တဲ့ ကျွန်မ ခင်ပွန်း ကတော့ "စံ"ပါဘဲ။ ကျွန်မ စင်ကာပူ မလာခင်တုံးက အင်ဒိုနီးရှားမလေးနဲ့ ပါတ်သက်ခဲ့လို့ ကျွန်မ ပူဆွေးခဲ့ရဖူးပါတယ်။ သူက ဘာမှ လွန်လွန်ကျူးကျူး မဖြစ်ခဲ့ကြောင်း ကျမ်းကျိန်ဆိုပြီး ကျွန်မ ကို ငြင်းခဲ့ပါသေးတယ်။ အဲဒီအတွက် ကျမ်းစူး လို့ဘဲလား မသိဘူး၊ သူ့ရဲ့ ခြေထောက် ဇဝဒီဂရီ စောင်းသွားပြီး ခြေမျက်စိနဲ့ လမ်းလျှောက်ရတဲ့အထိ အခြေအနေ ဆိုးသွားခဲ့ပါတယ်။ ကိုယ်ချစ်လို့ ယူထားတဲ့ လင်သား၊ ဝေဒနာ ခံစားနေရတာကို မကြည့်ရက်တဲ့အတွက် ဘုရားရှင်ဆီမှာ သူ့အပြစ်တွေ လွှတ်ပြီး ဝေဒနာ သက်သာစေဖို့ ကျွန်မ အစာရှောင် ဆုတောင်းခဲ့ရပါတယ်။

အဲဒီအတွက် ကျွန်မကို ချစ်တဲ့ ဘုရားသခင်က ကျွန်မရဲ့ ဆုတောင်းသံကို နားညောင်းပြီး ခင်ပွန်းရဲ့ ခြေထောက်ကို စင်ကာပူနိုင်ငံမှာဘဲ ခွဲစိတ်ကုသခွင့် ရခဲ့ပါတယ်။ အခုဆိုရင် သာမာန်လူတွေလို လမ်း ကောင်းကောင်း လျှောက်နိုင်တဲ့ အခွင့်ကို ရခဲ့ပါပြီ။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟာ ကြီးမြတ်လှပါတယ်။

နောက်ဆုံး ကျွန်မ ဘုရားသခင်ဆီမှာ ဆန္ဒပြုချင်တာကတော့ နောက်တစ်ခါ ကျွန်မရဲ့ ခင်ပွန်း အိမ်ထောင်ရေး ဖောက်ပြန်ခဲ့ရင် အရင်တုံးကလို ခန္ဓာကိုယ်ကို မရိုက်ချိုးဘဲ၊ ဇီဝ အသက်ကိုပါ နှုတ်ယူသွားပါတော့လို့ မိုက်မိုက်မဲမဲ ဆုတောင်းချင်ပေမဲ့ ကျွန်မ မုတ်ဆိုးမ ဖြစ်သွားတာထက် သမီးလေး ဖတဆိုး ဖြစ်သွားမှာ စိုးတာကြောင့် ဒီဆုကို ကျွန်မ ပန်ချင်ပေမဲ့ မပန်ဖြစ်ခဲ့ပါဘူး။ အခုအချိန်မှာတော့ ကျွန်မရဲ့ ခင်ပွန်းဟာ ကျွန်မရဲ့ ဘေးနားမှာ အပြစ်ကင်းတဲ့ သိုးလေးလိုပါဘဲ။ နောက်ကွယ်မှာတော့ ... ... ။

ကိုယ့်ခင်ပွန်း သစ္စာဖောက်တာကို ခံခဲ့ရတဲ့အတွက် ဝမ်းနည်းပူဆွေးနေချိန်မှာ နှလုံးသားတွင်း၌ ဆုတောင်းခြင်းဖြင့် အလင်းလင်းစေပါ။ စိတ်ထိခိုက် ခံစားနေရစဉ် ဘုရားသခင်ထံ စိတ်နှလုံး ဖွင့်ပြပါ။ ( ဆာ ၆၂း ၈)

**ယခုတွင် ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း ၊ ချစ်ခြင်း ဤသုံးပါး တည်လျက်ရှိ၏။ ဤသုံးပါးတို့တွင် ချစ်ခြင်းမေတ္တာသည် အမြတ်ဆုံး ဖြစ်သတည်း။ ၁ကော ၁၃း၁၃။**

အိမ်ထောင်ရှင်များ အားလုံး မိမိ အိမ်ထောင်ဖက်အပေါ်မှာ သစ္စာရှိ နိုင်ကြပါစေလို့ ...။ ။ မေတ္တာဖြင့် – ( ကန္တာရချို )

---

## ကြိုးမရှိသင့်သော ဆိုးလ်(soul)လေးများဆီသို့ (ဆုးရင့်ခိမ်း)



တစ်ညလုံး ပင်ပန်းထားပေမဲ့ အထွန့် တက်တတ်တဲ့ ပေတရုကြီးလဲ သခင့် အမိန့်ကို မလွန်ဆန်နိုင် တော့တာကြောင့် နောက်ဆုံးတော့ ကမ်းစပ်နားမှာ ကြိုးချည် ကျောက်ချထားတဲ့ လှေလေးကို ကြိုးဖြည်လိုက်ပြီး ရေထဲ ထပ်ဆင်း လိုက်ရပါတော့တယ်။ သခင်လိုက်ပါလာတဲ့ ငါးဖမ်းလှေလေးဟာ ရေနက်ရာ အရောက်မှာ လှေနဲ့မဆန့်အောင် ငါးများစွာကို ဖမ်းယူ ရရှိနိုင်ခဲ့ပါ တယ်။ ဘဝမှာ သခင် မရှိရင် ရေရှိပေမဲ့ ငါးရှိချင်မှ ရှိမှာပါ။ သခင် ရှိရင်တော့ ငါးမရှိတဲ့ ရေအိုင်ရယ်လို့ ဖြစ်လာနိုင်စရာ အကြောင်းမရှိပါ။

ချစ်သော စာဖတ်သူများရှင့်၊ သင့်ဘဝမှာလည်း မျှော်လင့်ချက်ကင်းမဲ့ပြီး စိတ်ထောင်းကိုယ်ကြေ၊ ပင်ပန်း ဆင်းရဲစရာ အမျိုးမျိုးက ဖိစီးနှိပ်စက် နေပါသလား။ ကမ်းစပ်နားမှာ ချည်နှောင်ခံထားရတဲ့ လှေကလေးလို မလှုပ်နိုင်အောင် အမှောင်ထုကြိုးများက သင့်ကို တုတ်နှောင်ထားပါသလား။ ယခုအချိန်မှာ သင့်ကို အဘယ်ကဲ့သို့သော ကြိုးများက ချည်နှောင်ထားသလဲ ဆိုတာ ကျွန်မ မသိပေမဲ့၊ အခြေအနေအမျိုးမျိုးထဲက အဆိပ်ကြိုး အကြီးကြီးတွေ တုတ်နှောင်ထားပါစေ၊ သင့်အတွက် ဝမ်းမြောက်စရာ သတင်းကတော့ သခင့် အမိန့်စကားဟာ သင့်ဘဝရဲ့ အဆိပ်ကြိုးတွေကို ဖြည်နိုင်တယ်ဆိုတာ သင် သိထားဖို့ဖြစ်ပါတယ်။ သခင့်အမိန့်စကားဟာ သင် လွတ်မြောက်ရာ ဖြစ်ပြီး သခင့်စကားတော်ဟာ သင့်အတွက် အားအင်သစ် တစ်ခုဘဲ ဖြစ်ပါတယ်။ လှေကလေး ရေနက်ရာသို့ရွှေ့ပြီး ငါးများစွာနဲ့ ပြည့်စေဖို့ သခင်အလိုရှိသလို သင့်ဘဝ အသက်တာသစ်ကို ရွှေ့ပြီး ကောင်းကြီးများစွာ ရရှိဖို့ သခင် အလိုရှိနေပါတယ်။ သင် ဝန်လေးမနေပါနှင့်၊ မစိုးရိမ်ပါနှင့် ။

အဘယ့်ကြောင့်နည်း ဟူမူကား ရွှေ့လျားနေသော သင့် အသက်တာကို သင်ကိုယ်တိုင် ရွှေ့နေခြင်းမဟုတ်ဘဲ သခင်ဘုရား ရွှေ့ပေးနေသောကြောင့်ဖြစ်ပါတယ်။

ပိုင်ရှင်ရှိတဲ့ မြည်းကလေးကိုမှ သခင်က လိုရာခရီးဆက်ဖို့ စီးချင်ပါတယ် ဆိုလို့ တပည့်တော်တွေက မြည်းလေးကို ချည်နှောင်ထားတဲ့ ကြိုးကိုဖြည်ပေးခဲ့ရပါတယ်။ သခင်အလိုရှိသည် ဆိုတဲ့ အမိန့်စကားကို တုန့်ပြန်နိုင်စွမ်း မရှိတဲ့ မြည်းပိုင်ရှင်က ကြည်ဖြူစွာနဲ့ မြည်းကြိုးကို ဖြည်လွှတ်ခွင့်ပေးလိုက်ရပါတယ်။ ဘဝမှာ သခင်ကို အခွင့်မပေးခဲ့ရင် အနုံချာဆုံး (အနည်းငယ်သော၊ အသေးငယ်ဆုံးသော) လည်း မသေမချာ၊ မရေမရာ၊ အရေးမပါ အရာမဝင်တဲ့ အခြေအနေမှာဘဲ ရှိနေအုံးမှာဖြစ်ပြီး၊ သခင့်ကို အခွင့်ပေးခဲ့ရင် အသေချာဆုံးနှင့် အထင်ပေါ်ဆုံး အခြေအနေကို ရောက်ရှိလာမှာဖြစ်ပါတယ်။

ချစ်သော စာဖတ်သူများရှင့်၊ ယနေ့ သခင်က သင့်ကို မြည်းပိုင်ရှင်ကဲ့သို့ "သခင်အလိုရှိသည်"ဟု တောင်းဆိုနေသံကို သင်သတိပြု ကြား မိပါရဲ့လား။ မကြားရလောက်အောင် သင်ပိုင်ဆိုင်ထားသော ကြီးငယ်မဟူ အရာများကို သစ်ပင်ကြီးကြီးအောက် (သို့) ကမ်းစပ်နားတွင် ချည်နှောင်ထားဆဲလော။ သခင်က ကျွန်မတို့ အသက်တာ ပိုင်ဆိုင်မှုကိုမှ အလိုရှိနေပါသတဲ့။ အသုံးပြုချင် ပါသတဲ့။ မြည်းပိုင်ရှင်လို ကြည်ဖြူမယ် ဆိုရင်တော့ ပထမဦးဆုံး အနေနဲ့ ချည်နှောင်ထားတဲ့ အရာလေးတွေကို ဖြည်ခွင့် ပေးရတော့မှာ ဖြစ်ပါတယ်။ အနှစ်နှစ် အလလက ရှာဖွေ သိမ်းထားတဲ့ ရုပ်ဝတ္ထုပစ္စည်း များလား၊ ကြိတ်မနိုင် ခဲမရ ရင်တွင်း ပြဿနာ အထုတ်အပိုးများလား၊ ဒါမှ မဟုတ် မရှုနိုင် မကယ်နိုင် စိတ်အာရုံ အနှောက်အယှက် အမြင် မကြည်နိုင်တဲ့ ဖြစ်ရပ်များ အမျိုးမျိုး အစရှိတဲ့ ရောင်စုံကြိုးများကို ကျွန်မတို့ရဲ့ အသက်တာမှာ ပိုင်ဆိုင်မှု တစ်ခုအနေနဲ့ ချည်နှောင်ထားမယ်ဆိုရင် အခုအချိန်မှာ ဖြည်လျော့ဖို့ အချိန်သင့် နေပါပြီ။ သို့မှသာလျှင် လိုရာ လမ်းခရီးကို သခင် ပို့ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်။



ချစ်သော စာဖတ်သူများရှင့်၊ သင်ဟာ ...

* လှေကလေးနဲ့ မြည်းကလေးလို ချည်နှောင်ခံ နေရတဲ့ သူလား။
* ပေတရုနဲ့ မြည်းပိုင်ရှင်လို ချည်နှောင်ထားတဲ့ သူလား။

မည်သို့ပင် ဖြစ်နေပါစေ၊ ကြိုးအမျိုးမျိုးကို ဖြည်လွှတ်ပေးနိုင်တဲ့ သူ ကတော့ ယေရှုခရစ်တော်ဘဲ ဖြစ်ပါတယ်။ နှစ်ဟောင်းက အနာဟောင်းတွေကို ချန်ထားခဲ့ပြီး၊ နှစ်သစ်မှာ သခင်နှင့်အတူ အောင်မြင်မှု အသစ်ကို ဆွတ်ခူးကြ ပါစို့လား။

အမြင့်ဆုံးသော ဘုရားသည် သင်၏ ရှုပ်ထွေးလွန်းလှသော အဆိပ်ကြိုးများစွာကို အမိန့်စကား တစ်ခွန်းတည်းဖြင့် ဖြေလွှတ်လိုက်ပြီဟု သင်ယုံကြည်ပါက သင့်အသက်တာဟာ ကြိုးမရှိတော့တဲ့ ဆိုးလ် ( **Soul** ) လေး အဖြစ် ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။ လွတ်လပ်ပေါ့ပါးစွာ သခင်နှင့်အတူ အသက်တာသစ်ကို အစပြုပါတော့လို့ ဆိုးလ် **Soul** များဆီသို့သာ ကျွန်မ အနည်းငယ် ခွန်အားပေးလိုက်ပါရစေ။ ။

**Soul** ဆိုးလ်များကို ချစ်သော **ဆုးရင့်ခိမ်း** ( ခေတ္တကမ္ဘာမြေ )

( အခြေပြုကျမ်း ရှင်လုကာ ၅ ၊ ရှင်လုကာ ၁၉ )

---

မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်
( နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )
**Min Aung Thet Lwin , 4 Tuas Ave 10 , Singapore 639128.**